# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
# (၁၉)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
## (၂၀၁၆ ခုနှစ်၊ မေလ ၂ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၅.၇၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂-၅-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၈ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၈ ဦး ရှိပါတယ်။ ၎င်းတို့ကတော့-

(၁) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၅ ရက်၊

(၂) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၅ ရက်၊

(၃) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၅ ရက်၊

(၄) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၅) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၅ ရက်၊

(၆) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၁ ရက်၊

(၇) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊

(၈) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၅ ရက်၊

(၉) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင် ခွင့် ၅ ရက်၊

(၁၀) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၃ ရက်၊

(၁၁) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးထိန်ဦး ခွင့် ၁ ရက်၊

(၁၂) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး ခွင့် ၁ ရက်၊

(၁၃) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်နိုင်ဦး ခွင့် ၁ ရက်၊

(၁၄) ကုန်ကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်ဖူး(ခ)မြင့်ဆွေ ခွင့် ၁၂ ရက်၊

(၁၅) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)အောင်ရွှေ ခွင့် ၂ ရက်၊

(၁၆) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၁၇) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်နှင့်

(၁၈) ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ခွင့် ၄ ရက်တို့ဖြစ်ကြပါတယ်။ ဒါကြောင့်မို့လို့ ယခင် ခွင့်ပန်ကြားထားသူမရှိပါ။ ယနေ့ ခွင့်ပန်ကြားသူ ၁၈ ဦး စုစုပေါင်း ခွင့်ပန်ကြားထားသူ ၁၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ဒါကြောင့်မို့လို့ အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူမရှိပါ။ ယနေ့ခွင့်ပြုထားသူ ၁၈ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု

အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာဆာဒါအာယက်ဇ် ဆာဒစ်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၊ ၁၁၊ ၁၂ နှင့် ၁၃ တို့အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာဆာဒါအာယက်ဇ် ဆာဒစ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့လာမှုကို မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)အနေဖြင့် မော်လိုက်မြို့ ဆိပ်ကမ်းမြေထိန်းနံရံအား ၂၀၁၆ ခုနှစ် မြစ်ရေမတက်မီ အမြန်ဆုံးဆောင်ရွက်ပေးပါရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ ။** ။ ပထမဦးစွာ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ချိုချိုဝင်း(မော်လိုက်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုဝင်း ဖြစ်ပါတယ်ရှင်။ ကျွန်မတင်ပြမယ့် မေးခွန်းကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံမှာ တင်ပြထားခြင်း ဖြစ်ပါတယ်။ ကျွန်မမေးခွန်းနဲ့ ဆက်စပ်ပြီး Power Point သုံးခွင့်ပြုပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်ရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ မော်လိုက်မြို့ အပါအဝင် ကျွန်မ အထက်လောင်းကောင်းကျေးရွာနှင့် အောက်ကြာအင်းကျေးရွာတို့မှာ မြစ်ကမ်း ပြိုကျမှုတွေများ စိုးရိမ်ဖွယ်ပြိုကျလျက်ရှိပါတယ်။ လူနေအိမ်များ ပြိုကျပျက်စီးခြင်း၊ ရွာများ ပြောင်းရွှေ့ရခြင်းများကို တွေ့နေရပါတယ်။ ၂၀၁၅ ခုနှစ် မြစ်ရေကြီးမှုကြောင့် မော်လိုက်မြို့ ကုန်တင်ကုန်ချအလုပ်သမားရုံးကြီးမှာ ပြိုကျလုနီးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ယခင် မြေထိန်းနံရံမှာလည်း ခိုင်ခံ့မှုမရှိဘဲ လပိုင်းအတွင်း ပြိုကျပျက်စီးသွားပါတယ်။ ယင်းအလုပ်သမားရုံး ပြိုကျပျက်စီးပါက မြို့မြေဧရိယာတော်တော်များများကို ထိခိုက်ပျက်စီးနိုင်ပါတယ်။ ပြည်သူလူထု အနေဖြင့် စိုးရိမ်ပူပန်လျက် ရင်မအေးနိုင်ဖြစ်နေကြရပါတယ်။ ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)အနေဖြင့် မော်လိုက်မြို့ဆိပ်ကမ်းမြေထိန်းနံရံအား ၂၀၁၆ ခုနှစ် မြစ်ရေမတက်မီ အမြန်ဆုံးဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိ၊ ရှိမည်ဆိုပါက မည်သည့်အချိန်၊ မည်ကဲ့သို့ ဆောင်ရွက်ပေးမည်နည်း၊ မရှိဟုဆိုပါက အဘယ်ကြောင့်နည်း ကျွန်မအနေနဲ့ သိရှိချင်ပါတယ်။ မဲဆန္ဒနယ်ပြည်သူတို့ရဲ့ဆန္ဒအရ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျား။ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ မော်လိုက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ချိုချိုဝင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဦးသန့်စင်မောင်အနေနဲ့ ပြည့်ပြည့်စုံစုံ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပိုမို ရှင်းလင်းစေရန်အလို့ငှာ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပေးပါရန် မေတ္တာရပ်ခံပါတယ်။ တကယ်တမ်းတော့ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်မှာ ကမ်းပြိုမှုတွေဟာ နှစ်စဉ် နေရာ ၂၀ ခန့် ဖြစ်ပွားလျက်ရှိပါတယ်။ ချင်းတွင်းမြစ်ကြီးက အိုမင်းနေပြီ။ မြစ်ညာပိုင်းမှာ သစ်တောတွေပြုန်းတီး တယ်။ ရွှေတူးဖော်ခြင်းလုပ်ငန်းတွေကြောင့် မြစ်ချောင်းတွေမှာ သဲနုန်းများပို့ချပြီးတော့ မြစ်ကြမ်းပြင် မြင့်တက်လာပြီး ရေကြောင်းပြောင်းလဲခြင်းများဖြစ်ပြီးတော့ မြစ်ကမ်းပါးတိုက်စားပြိုကျမှုတွေ ဖြစ်ပေါ် လျက်ရှိပါတယ်။ အဲဒီတော့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ချင်းတွင်းမြစ်တစ်ခုလုံးကို ရေလမ်းကြောင်း ကောင်းမွန်အောင် အဓိကထားလုပ်ဆောင်ရမှာ။ ဒါပေမဲ့ အခုတော့ မြစ်ကမ်းပါးပြိုကျမှုတွေကိုသာ ဖြေရှင်းနိုင်တဲ့အနေအထားရှိပါတယ်။ ဒီနှစ် ဒီချင်းတွင်းမြစ်ကြောင်းတစ်ခုလုံးကောင်းမွန်ဖို့ရာအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ ချင်းတွင်းမြစ်ရေလမ်းဖွံ့ဖြိုးရေး ခွင့်ပြုရန်ပုံငွေဟာ ကျပ်သန်း ၁၇၀ ပဲရှိပြီးတော့ ရေလမ်းပိုင်းရဲ့ လေးနေရာကိုသာ ရေလမ်းကောင်းမွန်ရေးဆောင်ရွက်နေရတာ ဖြစ်ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ ပြောချင်တာက အရင် နယ်သာလန်ပညာရှင်တွေရဲ့၊ ကျွမ်းကျင်ပညာရှင်တွေရဲ့ အပြောအရ၊ သူတို့ရဲ့တွက်ချက်ခန့်မှန်းမှုအရဆိုရင် ချင်းတွင်းမြစ်ကြောင်း ကြီးတစ်ခုလုံးကို ကောင်းအောင်လုပ်ချင်ရင် သန်းပေါင်း ၁၈၀၀၀(၁၈ ဘီလံယံအထက်)ကို သုံးစွဲရ မယ်။ ငါးနှစ်အတွင်း သုံးစွဲပြီးတော့ ပြုပြင်ရမယ်လို့ဆိုပါတယ်။ အခုက ၂၀၁၆-၂၀၁၇ ဘတ်ဂျက်မှာ သန်း ၁၇၀ ပဲ ရပါတယ်။ ဒါကြောင့် များသောအားဖြင့်တော့ မြစ်ကမ်းပြို ကာကွယ်ရေးလုပ်ငန်းတွေ အတွက်ကတော့ မူကြမ်း

ကျွန်တော်တို့ဟာ တိုင်းဒေသကြီးရန်ပုံငွေနဲ့ပဲ ဆောင်ရွက်နေရတာဖြစ်ပါတယ်။ အဲဒီတော့ မော်လိုက်မြို့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေနဲ့ ၂၀၁၃-၂၀၁၄ စစ်ကိုင်းတိုင်းဒေသကြီး ရန်ပုံငွေဖြင့် ရွှေနဒီတည်းခိုခန်းအနီးမှာ သစ်သားပိုင်နဲ့အခြေပြုပြီး ကမ်းထိန်းနံရံ အလျား ၁၆၀ ပေ အရင်အစိုးရ လက်ထက်မှာ ဆောက်ခဲ့ပါတယ်။ ဆောက်တဲ့အခါမှာ ကမ်းထိန်းနံရံဟာ အခုနက သစ်သားပိုင်ဖြစ်ပြီးတော့ မခိုင်ဘဲနဲ့ ပိုပြီးတော့ ဟိုဘက်က အောင်းရေ၊ ဒီစွယ်တော်အင်းကနေပြီးတော့ ရေတွေစိမ့်ဝင်ပြီးတော့ အောင်းရေများကြောင့် အဲဒီ အခုနတုန်းက ဒေါ်ချိုချိုဝင်း တင်ပြသွားတဲ့ အတိုင်းပဲ ကမ်းထိန်းနံရံကို တွေ့ရပါတယ်။ တစ်ခါ မနှစ်က ၂၀၁၅ ခုနှစ်မှာ ထပ်မံပြီးတော့ ရေကြီးမှုကြောင့် မော်လိုက်မြို့ ဆိပ်ကမ်းမှာရှိတဲ့ အလုပ်သမားရုံးမြစ်ကမ်းပါး အလျား ပေ ၁၀၀ ခန့် ပြိုကျခဲ့ပါတယ်။ အဲဒီမှာတင်ပြထားတဲ့အတိုင်းပဲ မော်လိုက်မြို့ အလုပ်သမားရုံးက အပေါ်ကပါ။ အောက်ကအနီရောင်ကတော့ မော်လိုက်မြို့ ရွှေနဒီတည်းခိုခန်းရှေ့က ကမ်းပြိုသွားတာဖြစ်ပါတယ်။ အပေါ်က အဝါရောင်အလုပ်သမားရုံးက မနှစ်ကဖြစ်ခဲ့တာဖြစ်ပြီး ပေ ၁၀၀ ရှည်လျားပါတယ်။ မော်လိုက်မြို့ ရွှေနဒီတည်းခိုခန်းကမ်းပြိုအလျားကတော့ ပေ ၁၆၀ ရှည်လျားပါတယ်။ အဲဒီတော့ မော်လိုက်မြို့မှာ ဖြစ်ပေါ်ခဲ့တဲ့ ကမ်းပြိုမှုတွေအတွက် ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းတွေ နှစ်ခုလုံးကို လုပ်လို့ရအောင် ဒီနှစ်ဘတ်ဂျက်အတွင်းမှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဘတ်ဂျက်မှာ သန်း ၁၀၀ စီ ပါပါတယ်။ မော်လိုက်မြို့ အလုပ်သမားရုံးအတွက် သန်း ၁၀၀၊ မော်လိုက်မြို့ ရွှေနဒီတည်းခိုခန်း မြစ်ကမ်းပါးထိန်းလုပ်ငန်းအတွက် ခွင့်ပြုငွေ သန်း ၁၁၀ အသီးသီးပါဝင်ပါတယ်။

ဒါကတော့ အခုနတုန်းက အလုပ်သမားရုံး ဆိပ်ကမ်းကမ်းပြိုမှုလုပ်ငန်းအတွက် ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံလုပ်မှာပါ။ အရင်တစ်ခါလို သစ်သားပိုင်နဲ့မလုပ်ဘဲနဲ့ တစ်ခါတည်းခိုင်ခိုင်မာမာ တည်ဆောက်သွားဖို့ ဆောင်ရွက်ထားပါတယ်။ အဲဒါကတော့ မော်လိုက်မြို့ အလုပ်သမားရုံးဆိပ်ကမ်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ဘိုးပိုင်အခြေပြုတဲ့ ကျောက်စီမြေထိန်းနံရံ ဆောက်မှာပါ။ ဘိုးပိုင်တွေက မြေထဲကို ပေ ၇၀ ခန့်အထိ တူးပြီးတော့ သေသေချာချာ ခိုင်ခိုင်မာမာ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဲဒီမှာ ဘိုးပိုင်အခြေပြု မြေထိန်းနံရံ အလျားပေ ၁၀၀ တည်ဆောက်ခြင်းကို ဒီသုံးလပတ် အတွင်းမှာ အပြီးလုပ်ဖို့ ကျွန်တော်တို့ စဉ်းစားခဲ့ပါတယ်။ စဉ်းစားပေမယ့် ပြဿနာက လွန်ခဲ့တဲ့ ဧပြီလ တတိယပတ်အတွင်းမှာ ချင်းတွင်းမြစ်ရေ ဆယ်ပေတက်လာတော့ အဲဒီလုပ်တဲ့နေရာမှာ ဘယ်လိုမှ လုပ်လို့မရတဲ့အတွက်ကြောင့် မိုးကုန်မှပဲ ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှာ လုပ်ငန်းစတင်ပြီးတော့ ဒီနှစ်အတွင်းမှာပဲ အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါက ရွှေနဒီဆိပ်ကမ်းက ဒုတိယအကြိမ်

ဖြစ်ခဲ့တဲ့ဟာ အဲဒါကိုလည်းပဲ ကျွန်တော်တို့ ဒီအတိုင်းပဲ ဘိုးပိုင်ကျောက်စီမြေထိန်းနံရံ တည်ဆောက်မှာ ဖြစ်ပါတယ်။ အဲဒီမှာက ဒီအပေါ်ပိုင်းက လုပ်ငန်းမဆောင်ရွက်ခင် ရွှေနဒီရဲ့ဆိပ်ကမ်းရဲ့ လုပ်ငန်းမဆောင်ရွက်ခင်က ပုံက အပေါ်နှစ်ပုံဖြစ်ပါတယ်။ အောက်မှာကတော့ လုပ်ငန်းဆောင်ရွက်နေတဲ့ပုံ ဖြစ်ပါတယ်။ မော်လိုက်မြို့ ရွှေနဒီတည်းခိုခန်း ကမ်းပြိုအလျားက ပေ ၁၆၀ ရှိတယ်။ အောက်ခြေကျောက်စီမြေထိန်းနံရံနဲ့ အထက်ကျောက်စီမြေထိန်းနံရံနှစ်ခုကို ဘိုးပိုင်များတူးပြီးတော့ အခိုင်အမာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီ အဆိုပါ ဘိုးပိုင်ကျောက်စီနံရံအလျားက ပေ ၁၆၀ ဖြစ်ပြီးတော့ ခန့်မှန်းကုန်ကျစရိတ် က ၂၄၂ သန်းပါ။ တကယ်တမ်းကတော့ ပိုက်ဆံက ၂၄၂ သန်း အပြည့်မရှိပါဘူး။ မနှစ်ကတုန်းက ၂၀၁၅-၂၀၁၆ ဘတ်ဂျက်တုန်းက ၂၇ သန်းနဲ့၊ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်မှာ ၁၁၀ သန်းနဲ့ အားလုံးပေါင်း ၁၃၇ သန်းပဲ ရှိတဲ့အတွက်ကြောင့် ဒီနှစ် အလျားပေ ၉၀ ပဲ တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က အခုနကတုန်းက တင်ပြထားတဲ့အတိုင်းပဲ ဒီရွှေနဒီတည်းခိုခန်းရဲ့ပေ ၉၀ ကိုတော့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဧပြီလ စတုတ္ထပတ်အတွင်းမှာ စတင်ဆောင်ရွက်နေပြီးတော့ ဇူလိုင်လဒုတိယပတ်မှာ လုပ်ငန်းတွေပြီးမှာ ဖြစ်ပါတယ်။ အဲဒါလည်းပဲ ပေ ၉၀ ပဲ ပြီးမယ်။ အလုပ်သမားဆိပ်ကမ်းကတော့ မိုးကုန်ပြီးမှ ဆောင်ရွက်နိုင်မယ်။ အဲဒါမှလည်း ကျွန်တော်တို့ ဒီနှစ်ထဲမှာ ပြီးပါမယ်။ အဲဒီတော့ ကျန်တဲ့ဟာကိုတော့ မိုးတွင်းမှာ မဖြစ်အောင် သဲအိတ်တွေ ကာရံခြင်း၊ မြှောတိုင်များ စိုက်ထူခြင်းများနဲ့ ကာကွယ်သွားဖို့ စီစဉ်ထားရှိပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဆက်သွယ်ရေးကွန်ရက်များကို တိုးချဲ့ပြုလုပ်လျက်ရှိရာ ရပ်ကွက်အတွင်း/ကျေးရွာအနီးအပါးတာဝါတိုင်များတည်ဆောက်ခြင်းသည် မည်မျှအကျိုးရှိသည်၊ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ရှိ/မရှိကို ပြည်သူအများ ရှင်းလင်းစွာသိရှိအောင် မြန်မာ့အသံနှင့် အခြားမီဒီယာမှ ပညာပေးရှင်းလင်းရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးပိုက်ကို(ပခုက္ကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနမှ ဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို ဖြစ်ပါတယ်။

ကျွန်တော် မေးချင်တဲ့မေးခွန်းကတော့ နိုင်ငံတော်အစိုးရအနေနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးစနစ်များ ကောင်းမွန်၍ ထိထိရောက်ရောက်ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် ရပ်ကွက်/ကျေးရွာများမှာ တာဝါတိုင်များကို နိုင်ငံအနှံ့အပြားတိုးချဲ့တည်ဆောက်နေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ မြို့နယ်အတွင်းမှာ တာဝါတိုင်တည်ဆောက်မှုနှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့အထိ တယ်လီနော၊ အူရီဒူးတာဝါတိုင်များ ၅၉ ခုလျှောက်ထားမှုအပေါ် မြေပိုင်ရှင်များ၊ သက်ဆိုင်ရာကုမ္ပဏီများနှင့် သဘောတူညီချက်၊ ပတ်ဝန်းကျင်ထောက်ခံချက်များအရ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အညီဆောင်ရွက်ပါက ကန့်ကွက်ရန်မရှိကြောင်း သက်ဆိုင်ရာဌာနများက ထောက်ခံပေးခဲ့ပါတယ်။ ၎င်းအနက် လျှောက်ထားမှု ၅၉ ခုမှ ၄၃ ခုမှာ လုပ်ငန်းလည်ပတ်နိုင်ပြီး အဆင်ပြေပြီးတော့ ကျန် ၁၆ ခုက ပြည်သူများ၏နားလည်မှုအသိစိတ်နှင့် စိုးရိမ်ပူပန်မှုများအရ အောက်ပါအချက်များနှင့် ကန့်ကွက်လာသည်ကို တွေ့ရှိရပါသည်။ ဒီကန့်ကွက်ချက်တွေကတော့-

၁။ ရေဒီယိုလှိုင်းများကြောင့် အများပြည်သူတို့၏ ကျန်းမာရေးထိခိုက်နိုင်ခြင်း၊

၂။ မြေတုန်ခါမှုကြောင့် အဆောက်အဦများပျက်စီးနိုင်ခြင်း၊

၃။ မိုးကြိုးပစ်နိုင်ခြင်း၊

၄။ တာဝါတိုင်ကြီးများရှိ မီးစက်များမှ စက်သံဆူညံခြင်း စသည့်အချက်များဖြင့် ကန့်ကွက်တိုင်ကြားမှုများဖြစ်လာသဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြန်မာ့ဆက်သွယ်ရေး တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်နှင့် ကျန်းမာရေးမထိခိုက်နိုင်ကြောင်း ရှင်းလင်းတင်ပြသော်လည်း လက်မခံဘဲ ငြင်းဆန်မှုများရှိနေကြပါတယ်။ ဒီဖြစ်ရပ်မျိုးဟာ ကျွန်တော်တို့မြို့နယ်တစ်ခုတည်းမှာမဟုတ်ပါဘူး။ နိုင်ငံအနှံ့အပြားမှာဖြစ်နေတယ်လို့လည်း ကြားသိရပါတယ်။ ယနေ့ထုတ်တဲ့ Street View ဂျာနယ်မှာ တယ်လီနောကနေပြီးတော့ ထုတ်ပြန်ကြေညာထားချက်အရ ၂၀၁၅ ခုနှစ်အထိ တယ်လီနောတာဝါတိုင်များ ၅၀၀၀ ဆောက်လုပ်မယ်လို့ သိရှိရပါတယ်။

ဒါကြောင့်မို့လို့ ဆက်သွယ်ရေးကောင်းမွန်စေရေးအတွက် ရပ်ကွက်/မြို့ရွာအတွင်း တာဝါတိုင်များဆောက်လုပ်မှုအပေါ် ပြည်သူများသဘောတူလက်ခံဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့်

ဘေးအန္တရာယ်များ ကျရောက်ခြင်းမရှိဘဲ မည်မျှအကျိုးရှိသည်ကို မြန်မာ့အသံနှင့် MRTV စသည်တို့မှ သို့မဟုတ် အခြားနည်းလမ်းနှင့်ဖြစ်စေ ပညာပေးရှင်းလင်းတင်ပြမှုကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ပြုလုပ်မည့်အစီအစဉ်ရှိ/မရှိကို နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် သိရှိလိုပါသဖြင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကိုရဲ့ မေးခွန်းကို ပိုပြီးတော့ ရှင်းရှင်းလင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဖြေကြားနိုင်ရန်အလို့ငှာ Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆက်သွယ်ရေးကောင်းမွန်စေရန်နှင့် ပြည်သူများဆက်သွယ်ရေးကို ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက်အသုံးပြုနိုင်ရေးအတွက် ဆက်သွယ်ရေးတာဝါတိုင်များအား ကွန်ရက်လွှမ်းခြုံနိုင်မယ့်နေရာ၊ (site) များကို ဦးစွာ Survey လုပ်ပြီးမှ တာဝါတိုင်များကို ရပ်ကွက်များ၊ ကျေးရွာများအနီးမှာ တည်ဆောက်ခြင်းဖြစ်ပါတယ်။ အဲဒီလို ရွေးချယ်တည်ဆောက်ခြင်းကြောင့် Voice ရော၊ Data ရော အသံရော၊ အချက်အလက်တွေရော ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံနိုင်မယ့် ဧရိယာပိုမိုကောင်းမွန်လာပြီး ဆက်သွယ်မှုပိုမိုလျင်မြန် လွယ်ကူချောမွေ့လာစေမည့်အကျိုးကျေးဇူးတွေကို ရမှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်းတုန်းက ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့မှာ တာဝါတိုင်များမှထုတ်လွှင့်သော ရေဒီယိုလှိုင်းနှုန်းများကို နိုင်ငံတကာမှ ပညာရှင်များနှင့် ပူးပေါင်းပြီးတော့ ကွင်းဆင်းတိုင်းတာစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါတယ်။ တိုင်းတာမှုအရ တာဝါတိုင်များမှ ထုတ်လွှင့်တဲ့ ရေဒီယိုလှိုင်းနှုန်းများနှင့် ပြည်သူ့ကျန်းမာရေးအလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်မှာရှိတဲ့ ယခင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမမှာ ၁၆-၃-၂၀၁၅ နှင့် ၁၇-၃-၂၀၁၅ ရက်နေ့တို့မှာ ကျင်းပပြုလုပ်ခဲ့ပြီး သတင်းထုတ်ပြန်ခဲ့ရာ ၁၇-၃-၂၀၁၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှာ ဖော်ပြခဲ့ပါတယ်။

ထို့အတူ နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များပါဝင်သော မိုဘိုင်းဆက်သွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ EMF (Electromagnetic Field) အလုပ်ရုံဆွေးနွေးပွဲကိုလည်းပဲ မီဒီယာများအား ဖိတ်ခေါ်ပြီးတော့ ရန်ကုန်မြို့မှာရှိတဲ့ ဆီဒိုးနားဟိုတယ်မှာ ၁၈-၃-၂၀၁၅ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့ပြီး သတင်းထုတ်ပြန်ခဲ့ရာ ၂၀-၃-၂၀၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့မှာ ဖော်ပြခဲ့ပါတယ်။ ကျွန်တော်တို့ သတင်းစာတွေမှာ ထည့်တဲ့အကြောင်းကို တင်ပြတာဖြစ်ပါတယ်။

ယင်းကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပြီးတော့ သတင်းထုတ်ပြန်ခဲ့ရာ ၎င်းတို့အနက်မှ ဆွေးနွေးပြောကြားချက်အကျဉ်းချုပ်ကို အောက်ပါအတိုင်းဖော်ပြချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခုနတုန်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးပိုက်ကို ပြောသွားတဲ့အတိုင်းပဲ အနယ်နယ်အရပ်ရပ်မှာ တာဝါတိုင်တွေစိုက်ထူတဲ့အခါမှာ ပြည်သူတွေရဲ့နားလည်မှုလွဲမှားပြီးတော့ ကန့်ကွက်တဲ့အတွက်ကြောင့် တာဝါတိုင်တွေတချို့စိုက်ထူတဲ့နေရာမှာ အခက်အခဲတွေ့ရတာတွေရှိပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ ဒီကိစ္စတွေမှာ ပြည်သူလူထုကြားထဲမှာ ပိုမိုပြီးတော့ ရှင်းရှင်းလင်းလင်းသိလာအောင် ကျွန်တော်ဒီနေရာနေပြီးတော့လည်း အကူအညီတောင်းချင်ပါတယ်။ အဲဒီတုန်းက ဆွေးနွေးတဲ့အချက်တွေကို ဆက်သွယ်ရေးတာဝါတိုင်များမှထုတ်လွှင့်သော ရေဒီယိုလှိုင်းများသည် အလွန်အားနည်းသဖြင့် ပြည်သူများ၏ ကျန်းမာရေးထိခိုက်နိုင်ဖွယ်ရှိသည့် သက်သေအထောက်အထားကို အပြည်ပြည်ဆိုင်ရာသိပ္ပံပညာရှင်များက တွေ့ရှိထားခြင်းမရှိကြောင်း၊ မြန်မာနိုင်ငံတွင် အော်ပရေတာအသုံးပြုသည့်နည်းပညာနှင့် စက်ပစ္စည်းများသည် နိုင်ငံတကာစံသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိသည်ကို မကြာခင်က တိုင်းတာတွေ့ရှိချက်များအရ တွေ့ရှိရကြောင်း၊ မိုဘိုင်းဖုန်းဖြင့် ဒေတာများကို မြန်နှုန်းမြင့်ရရှိအသုံးပြုနိုင်ရန် မိုဘိုင်းတာဝါများအား စနစ်တကျတည်ဆောက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် မိုဘိုင်းဖုန်းသုံးစွဲမှုတိုးတက်လာသော်လည်း ပြည်သူတို့၏ကျန်းမာရေးအပေါ် သက်ရောက်မှုမရှိသည့် အခြေအနေများကို စာရင်းဇယားအချက်အလက်များဖြင့်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများမှ သုတေသနပြုလုပ်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရှိ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ GSM Association မှ ကျွမ်းကျင်သူများ၊ Ericssion မှ လျှပ်စစ်သံလိုက်စက်ကွင်း သုတေသနပညာရှင်များနှင့် မိုဘိုင်းအော်ပရေတာများ ပူးပေါင်းဆောင်ရွက်ခဲ့သော တိုင်းတာမှုများအရ မြန်မာနိုင်ငံ၏ မိုဘိုင်းဆက်သွယ်ရေးကွန်ရက်များသည် နိုင်ငံတကာမှသတ်မှတ်ထားသည့် နည်းပညာဆိုင်ရာ စံချိန်

စံညွှန်းများနှင့် ကိုက်ညီမှုရှိပြီး ပြည်သူလူထု၏ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်(WHO)မှ ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်နိုင်ချေ ရှိသည်ဟု ထုတ်ပြန်ထားသည့် သတ်မှတ်ချက်ထက် အဆ ၁၀၀ အောက်လျော့နည်းသည်ကို တွေ့ရှိ ရပါကြောင်း၊ ကျွမ်းကျင်သူများ၏ လေ့လာသုံးသပ်ချက်များအရ မိုဘိုင်းကွန်ရက်များ၏ ရေဒီယိုလှိုင်း နှုန်းများသည် ကျန်းမာရေးအပေါ် ထိခိုက်မှုရှိသည့် အထောက်အထား မတွေ့ရှိရကြောင်းနှင့် အင်တာနာများ၏ အနီးတဝိုက်တွင် နေထိုင်ခြင်းအားဖြင့်လည်းကောင်း၊ မိုဘိုင်းဖုန်းများအသုံးပြုခြင်း အားဖြင့်လည်းကောင်း ကျန်းမာရေးထိခိုက်မည်ကို စိုးရိမ်ရန်မလိုအပ်ပါကြောင်း၊ ဥရောပ၊ မြောက်အမေရိကနှင့် အာရှတိုက်တို့တွင် အသုံးပြုသည့် မိုဘိုင်း စက်ပစ္စည်းနှင့် နည်းပညာများအတိုင်း မြန်မာနိုင်ငံ၏မိုဘိုင်းကွန်ရက်တွင် အသုံးပြုထားပါကြောင်း၊ တာဝါတိုင်မြင့်လျှင် လျှပ်စစ်သံလိုက် စက်ကွင်းပိုမိုထုတ်လွှင့်ခြင်းမဟုတ်ဘဲ တာဝါတိုင်ထိပ်ရှိ အင်တာနာကသာ ထုတ်လွှင့်သည့်အတွက် မြေပေါ်တွင် လျှပ်စစ်သံလိုက်စက်ကွင်း အနည်းငယ်သာရှိပါကြောင်း၊ အများပြည်သူ၏ ကျန်းမာရေး ဆိုင်ရာ စိုးရိမ်ပူပန်မှုလျော့နည်းစေရန်အတွက် မိုဘိုင်းတာဝါတိုင်များ၏ လျှပ်စစ်သံလိုက်စက်ကွင်းနှင့် စပ်လျဉ်းပြီး လက်ကမ်းစာစောင်ကို ကျန်းမာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့နှင့် ဆွေးနွေးတိုင်ပင်ပြုစုရေးဆွဲပြီး ဆွေးနွေးပွဲမှာ ဖြန့်ဝေခဲ့ပါတယ်။ ကျွန်တော် အဲဒီမှာဖြန့်ဝေခဲ့တဲ့ လက်ကမ်းစာစောင်တွေကို တင်ပြတာဖြစ်ပါတယ်။

အဲဒါကတော့ မနေ့က မြန်မာ့အလင်းနှင့် ကြေးမုံမှာပါတဲ့ တာဝါတိုင်များမှထုတ်လွှင့်သည့် ရေဒီယိုလှိုင်းနှုန်းများနှင့် ပြည်သူ့ကျန်းမာရေးဆိုပြီးတော့ ကျွန်တော်တို့ ထုတ်လွှင့်ထားပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးပိုက်ကို ပြောတဲ့အတိုင်းပဲ ထပ်ပြီးတော့၊ ကျွန်တော်တို့ နယ်ဆင်းပြီးတော့ တာဝါတိုင်လုပ်တဲ့လုပ်ငန်းတွေမှာရော အားလုံးကို ပြည်သူလူထုကို လူကိုယ်တိုင် တွေ့ဆုံပြီးတော့ ရှင်းလင်းတာတွေ၊ ခုနက သတင်းစာနှင့် ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ ထပ်ပြီးတော့ လုပ်တာတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း ရှင်းလင်းတင်ပြရင်း နိဂုံးချုပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးပိုက်ကို(ပခုက္ကူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးခွင့်ပြုပါခင်ဗျား။ ဆက်သွယ်ရေးကောင်းမွန်ရန်အတွက် တာဝါတိုင်များကို ရှေ့ဆက်ပြီးလည်း ဆောက်မှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ကျေးရွာတွေ၊ ရပ်ကွက်တွေက ကန့်ကွက်ချက် တွေရှိနေတဲ့အတွက် အကြံဉာဏ်ပေးလိုတာကတော့ ဒီတာဝါတိုင်များဆောက်တဲ့နေရာမှာ ကျေးရွာ

အုပ်ချုပ်ရေးမှုရဲ့ ရွေးချယ်မှုတစ်ခုမဟုတ်ဘဲနဲ့ ရွာသူရွာသားများနဲ့ ညှိနှိုင်းရွေးချယ်ပြီး သဘောတူရွေးချယ်နိုင်ဖို့၊ နောက်တစ်ခါ ဒုတိယအချက်အနေနဲ့ မြို့/ရွာအတွင်းမှာရှိတဲ့ ရပ်ကွက်တွေကို ရှောင်ပြီးတော့ တာဝါတိုင်များ ဆောက်လုပ်ခြင်းပြုနိုင်ခြင်းရှိ/မရှိကို တစ်ဆက်တစ်စပ်တည်း မေးခွန်းအဖြစ် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။

အဲဒီမှာ ခုနက ကျွန်တော်တို့မှာ အော်ပရေတာ သုံးခုရှိပါတယ်။ အူရီဒူးရော၊ တယ်လီနောရော၊ MPT ရော အဲဒီ သုံးခုလုံးကို ကျွန်တော်ကတော့ တစ်ပြည်လုံးကို လွှမ်းခြုံနိုင်တဲ့ ကွန်ရက်ဖြစ်လာမှ ကျန်တဲ့ဒေသတွေမှာ ပိုပြီး ကောင်းအောင်လုပ်မယ်ဆိုတဲ့ဟာ တာဝါတိုင်ကို ကျွန်တော်ကတော့ မြန်မြန်လုပ်ချင်တာပါ။ ပြဿနာက အဲဒီမှာနှောင့်နှေးရတဲ့အကြောင်းအရင်းတွေကို လေ့လာလိုက်တဲ့အခါကျတော့ ခုနက လယ်ကွင်းထဲကို လုပ်လိုက်တော့လည်းပဲ လယ်ယာမြေ အခြားအသုံးပြုခွင့်ဆိုတဲ့ကိစ္စက လာပြီးတော့ နှောင့်နှေးကြန့်ကြာ စေပါတယ်။ ဒါနဲ့ ခုနကပြောတဲ့ ရွာတွေနားကို ကပ်လိုက်ရတာဖြစ်တယ်။ အဲဒီတော့ ရွာထဲသွင်းတဲ့အခါကျတော့လည်း ခုနတုန်းက တော်တော်များများ ၅၉ တိုင်မှာ ၄၃ တိုင်ပဲဖြစ်သလိုပဲ အခြားနေရာတွေမှာ များသောအားဖြင့်တော့ ရေဒီယိုလှိုင်းကြောင့်ဆိုတဲ့ ကန့်ကွက်ချက်တွေရှိပါတယ်။ တချို့ကလည်း တိုင်ကြီးများ လဲလာမလားတို့ ဘာတို့စိုးရိမ်ပူပန်တဲ့ကန့်ကွက်ချက်တွေလည်း ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ကတော့ အားလုံးသဘောတူညီတဲ့ နေရာတွေကိုပဲ လုပ်သွားမှာဖြစ်ပါတယ်။ မြို့/ရွာတွေ ရှောင်ဖို့ကျတော့ ဒီလယ်ထဲပဲဖြစ်တယ်။ လယ်မြေနှင့်ကင်းလွတ်တဲ့ နေရာတွေ လိုက်ရှာ ပြန်တော့လည်း ခုနကပြောတဲ့ တိုင်တွေရဲ့အကွာအဝေးသတ်မှတ်ချက်တွေ၊ လှိုင်းနှုန်းမဆက်စပ်မိမှာ တွေကြောင့်မို့ပါ။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်နေဖြစ်နေ ဦးပိုက်ကိုအကြံပြုတဲ့အတိုင်းပဲ ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေးပြီးတော့ ပိုပြီးတော့ မြန်အောင်လည်းလုပ်ချင်တယ်။ ဒါမှသာလျှင် ဆက်သွယ်ရေး စနစ်က ပိုပြီးတော့ကောင်းလာမှာဖြစ်တယ်။ အဲဒါကြောင့် ကျွန်တော် ဒီနှစ်ခုကြားထဲမှာ ဆက်စပ် ပြီးတော့ ဆောင်ရွက်သွားပါမယ်လို့ ဖြေကြားလိုပါတယ်။

**စစ်တွေမြို့မှ တောင်ပိုင်းခရိုင်များရှိ မြို့နယ်အသီးသီးသို့ ပို့ဆောင်သွားလာခဲ့သည့် ရေကြောင်းပို့ဆောင်ရေးဌာနပိုင် သင်္ဘောခရီးစဉ်များကို လက်ရှိအစိုးရလက်ထက်၌ ပြန်လည်စီစဉ်ပေးပါမည်လား၊ စီစဉ်မဆောင်ရွက်နိုင်ပါက မည်သည့်အတွက်ကြောင့်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော် ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမည့် မေးခွန်းကတော့ မေးခွန်းအတိုလေးနှစ်ခုဖြစ်ပါတယ်။ မေးခွန်း မမေးခင် ဒီမေးခွန်းကိုမေးရတဲ့ ခြေဆင်းလေးကို နည်းနည်းလေးလောက် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များ၊ Sky Net ကတစ်ဆင့် နားထောင်နေကြတဲ့ ကျွန်တော်တို့ ဒေသခံများ၊ နိုင်ငံသားတွေအားလုံးသိအောင် နည်းနည်းလေးကျွန်တော်ခြေဆင်းပြောပါရစေ။ ကျွန်တော် ဒီမေးခွန်းကို တင်ခဲ့တာက ပြီးခဲ့တဲ့ USDP အစိုးရလက်ထက်တုန်းက တင်ခဲ့တာဖြစ်ပါတယ်။ အဲဒီအစိုးရလက်ထက်တုန်းက ကျွန်တော်တို့ရခိုင်ပြည်နယ်၊ သံတွဲခရိုင် တောင်ကုတ်မြို့က စစ်တွေခရိုင် စစ်တွေမြို့ကို ကုန်စည်တွေ၊ လူတွေတင်ဆောင်ပြီးတော့ လာတဲ့သင်္ဘော ကျောက်ဖြူမြို့ကို ရောက်တယ်။ ကျောက်ဖြူမြို့မှာ ခရီးသည်နှင့်ဝန်စည်စလယ်တွေတင်ပြီးတော့ မြေပုံမြို့ကိုခရီးဆက်တဲ့ အခါ နောင်တော် လို့ခေါ်တဲ့ ပင်လယ်လောက်ကျယ်တဲ့ မြစ်ကြီးကိုဖြတ်ရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် မတ်လအတွင်းက ဒီသင်္ဘောရေနစ်ပြီးတော့ လူအများကြီးသေခဲ့တယ်။ လူသေအလောင်း ဘယ်လောက်ဆိုတာလည်း တိတိကျကျမသိခဲ့ရပါဘူး။ ၁၆၀ ကျော်သေတယ်လို့ပြောတယ်။ သင်္ဘောလည်းအခုထိ ဆယ်လို့မရသေးပါဘူး။ အဲဒီနောက်ပိုင်းမှာ ကျွန်တော်တို့စစ်တွေမြို့က ရခိုင်ပြည်နယ် တောင်ပိုင်းကိုသွားတဲ့ ရေကြောင်းပို့ဆောင်ရေးလမ်းကြောင်း မရှိတော့ဘူး။ မရှိတော့တဲ့အတွက်ကြောင့် စစ်တွေမြို့က မြေပုံမြို့ကို၊ မြေပုံမြို့က ကျောက်ဖြူမြို့ကို၊ ကျောက်ဖြူမြို့က ရမ်းဗြဲမြို့ကို ရမ်းဗြဲမြို့က တောင်ကုတ်တို့၊ မာန်အောင်တို့ အဲဒီလိုခရီးစဉ်တွေကို နိုင်ငံပိုင်သင်္ဘောခရီးစဉ် အရင်ကရှိခဲ့ပေမယ့် အခုမရှိတော့ပါဘူး။ အဲဒီနေ့ကတည်းကမရှိတာ အခုအထိ။ အထူးသဖြင့်ကတော့ ဒီမြစ်ကြောင်းကူးတဲ့သင်္ဘောနဲ့သွားနေကြတဲ့ ဆိပ်ကမ်းမြို့တွေထဲမှာ မြေပုံမြို့ဟာ အဆိုးဆုံးပဲ။ စစ်တွေ

နဲ့ကျောက်ဖြူကြားမှာ မြေပုံမြို့ဆိုတာ ရှိပါတယ်။ မြေပုံကို မိုးတွင်းကာလမှာတော့ အခုရှုပ်ပြေး ရေယာဉ်တွေက ပိုက်ဆံရချင်လို့လည်း ဖြစ်ပါတယ်။ လုံခြုံရေးအရလည်းဖြစ်ပါတယ်။ ကျောက်ဖြူ ပြီးတော့ မြေပုံမြို့ကိုဝင်တယ်၊ မြေပုံမြို့ကမှ စစ်တွေကိုသွားတယ်။ အဲဒီတော့ မြေပုံမြို့က အစိုးရ အမှုထမ်းများ၊ ဌာနဆိုင်ရာမဟုတ်တဲ့လူတွေရော အကုန်လုံးခရီးသွားလို့ရတယ်။ အခု ကျောက်ဖြူ မြို့က စစ်တွေမြို့ကို ဒီရှုပ်ပြေးရေယာဉ်တွေသွားတဲ့အခါ မြေပုံမြို့ကို မဝင်တော့ဘူး။ ဆီကုန်တယ်။ လူလည်းနည်းတယ်။ ပိုက်ဆံမရဘူးဆိုပြီးတော့ ကျောက်ဖြူမြို့က ပင်လယ်ဖြတ်ပြီးတော့ စစ်တွေမြို့ ကိုသွားတယ်။ အဲဒီတော့ မြေပုံမြို့က ခရီးသည်တွေ စစ်တွေလည်းသွားလို့မရဘူး။ ကျောက်ဖြူ လည်းသွားလို့မရဘူး။ မြေပုံမြို့နဲ့ ကျောက်ဖြူမြို့ဆိုလို့ရှိရင် ဘဏ်အုပ်ချုပ်ရေးစနစ်အရ မြေပုံဟာ အရင်က ကျောက်ဖြူမြို့နယ်၊ ကျောက်ဖြူခရိုင်ထဲမှာ ရှိပေမယ့်လည်း အခုစစ်တွေခရိုင်ကို ရောက်သွား ပါပြီ။ စစ်တွေခရိုင်ကိုရောက်သွားပေမယ့်လည်း မြေပုံဘဏ်သည် ကျောက်ဖြူခရိုင် မန်နေဂျာရဲ့ အုပ်ချုပ်မှုအောက်မှာရှိတယ်။ ဒီဘဏ်ဝန်ထမ်းတွေ အခါအားလျော်စွာ မြေပုံမြို့ကိုသွားရင် မော်တော် စီးလုံးငှားပြီးမှသွားလို့ရတယ်။ သင်္ဘောလမ်းကြောင်းမရှိတော့ပါဘူး။ အဲဒီလို အခက်အခဲတွေဟာ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ အခုဆိုရင် စစ်တွေမြို့က တောင်ပိုင်းခရိုင်တွေကို သွားတဲ့အခါ တစ်နှစ်ကျော် ဒုက္ခရောက်နေပါတယ်။ အဲဒီတော့ ပုဂ္ဂလိကရှုပ်ပြေးရေယာဉ်တွေကို မတရားအမြတ်ရ အောင်လို့များ တမင်လုပ်ပေးထားသလားဆိုပြီးတော့ ကျွန်တော်ကအဲ့ဒီလို ဝန်ကြီးဌာနကလူတွကို အဲ့ဒီလို ပြောဖူးတယ်။ အရင် USDP အစိုးရ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်ကိုလည်း ကျွန်တော် ဒီကိစ္စတွေကို နှုတ်အားဖြင့်ပြောဖူးပါတယ်။ ဒုတိယဝန်ကြီးကိုလည်း ပြောဖူးပါတယ်။ သို့သော်လည်း ကျွန်တော်တို့ခေတ်ပြောင်းသွားတယ်ဆိုတာကို ပြည်သူတွေကလည်း မသိဘူး၊ ကျွန်တော်တို့လည်း ကိုယ်သာဥပဒေပြုစုလိုက်တယ်။ မသိဘူး။ အရင်တုန်းကတော့ နိုင်ငံတော်အစိုးရ၊ အစိုးရကို ပြည်သူတွေအားကိုးတယ်။ ပြည်သူတွေမှာတစ်ခုခုလိုရင် အစိုးရကကူညီပေးတယ်။ ရေကြောင်းပို့ဆောင်ရေးဥပဒေကို ပြင်ဆင်လိုက်တဲ့အခါ ပိုက်ဆံရဖို့အတွက်မှာတော့ လိုချင်တယ်။ ပြည်သူတွေ လိုအပ်ချက်တွေကျတော့ မဖြည့်ဆည်းနိုင်တဲ့ဘဝကို ရောက်နေတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့ ဒီစစ်တွေမြို့က မြေပုံ၊ ကျောက်ဖြူ ရမ်းဗြဲ၊ တောင်ကုတ်ဆိုတဲ့ ခရီးစဉ်မရှိတာ တစ်နှစ်ကျော်သွားပါပြီ။ အဲဒီလို တစ်နှစ်ကျော်တဲ့အတွက်ကြောင့် ခရီးသည်တွေနဲ့ ကုန်စည်ပို့ဆောင် ရေးလုပ်ငန်းတွေ နိုင်ငံ့ဝန်ထမ်းရော၊ နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့လူတွေရော ဒုက္ခရောက်နေကြတဲ့ ဒီခရီးစဉ်ကို ပြန်ပြီးတော့ ပြေးဆွဲပေးဖို့ ကျွန်တော်တို့က နိုင်ငံတော်အစိုးရစီစဉ်ပေးစေချင်တဲ့အတွက်

ကြောင့် ဒီမေးခွန်းကို မေးခဲ့တာဖြစ်ပါတယ်။ မေးခွန်းက တိုတိုလေးပါ။ (၁)စစ်တွေမြို့မှ တောင်ပိုင်း ခရိုင်ရှိ မြို့နယ်အသီးသီးသို့ ပို့ဆောင်သွားလာခဲ့သည့် ရေကြောင်းပို့ဆောင်ရေးဌာနပိုင် သင်္ဘော ခရီးစဉ်များကို လက်ရှိအစိုးရလက်ထက်၌ ပြန်လည်စီစဉ်ပေးပါမည်လား။ လက်ရှိအစိုးရဆိုတာ အရင်က USDP အစိုးရကိုပြောတာပါ။ (၂) စီစဉ်မဆောင်ရွက်နိုင်ပါက မည်သည့်အတွက်ကြောင့် ဖြစ်ပါသနည်းဆိုတဲ့ မေးခွန်းတွေကို မေးခဲ့ပါတယ်။ သို့သော် ဒီနေ့အချိန်အခါမှာတော့ USDP အစိုးရ လည်းမရှိတော့ဘဲနဲ့ NLD အစိုးရလက်ထက်မှာ ဘယ်လိုများဆောင်ရွက်ထားလဲဆိုတာကို ပြည်သူ တွေသိအောင် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကြီးကတစ်ဆင့် ဒီအဖြေလေးကိုသိချင်လို့ ကျွန်တော်တို့ မေးခွန်းမေးခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်ရဲ့ အခုနတုန်းက တင်ပြထားတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပွင့်ပွင့်လင်းလင်း ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဦးဘရှိန်ရဲ့တင်ပြထားတဲ့ စစ်တွေမြို့မှ တောင်ပိုင်းခရိုင်ရှိ မြို့နယ်အသီးသီးသို့ ပို့ဆောင် သွားလာခဲ့သည့် ရေကြောင်းပို့ဆောင်ရေးဌာနပိုင် သင်္ဘောခရီးစဉ်များကို ပြန်လည်စီစဉ်ပေးပါမည် လား။ စီစဉ်ဆောင်ရွက်မပေးနိုင်ပါက မည်သည့်အတွက်ကြောင့် ဖြစ်ပါသလဲဆိုတဲ့ မေးခွန်းနဲ့ပတ်သက် ပြီးတော့ ကျွန်တော်ဖြေကြားပါ့မယ်။ ဒီနေရာမှာ အဲဒီကိစ္စကို အသေးစိတ်လေ့လာလိုက်တဲ့အခါကျတော့ ဒီ Inquiry Report တွေကို သေချာကြည့်လိုက်တဲ့အခါမှာ ဒီသင်္ဘောကြီးဟာ ပြေးဆွဲတဲ့သင်္ဘောတွေဟာ တကယ်တမ်းမြစ်ကြောင်းသွားသင်္ဘောတွေပဲ ဖြစ်နေတယ်ဆိုတာကို တွေ့ပါတယ်။ ဒါဖြင့် မြစ်ကြောင်းသွားသင်္ဘောတွေနဲ့ ဘာကြောင့် စစ်တွေ၊ မြေပုံ၊ ကျောက်ဖြူ၊ တောင်ကုတ်လမ်းကို ပေးဆွဲ တဲ့အခါမှာ သုံးနာရီလောက်မောင်းရမယ့် ပင်လယ်ကိုဖြတ်ရတဲ့ နေရာလေးရှိပါတယ်။ အဲဒီနေရာမှာပဲ ဒီသင်္ဘောနစ်မြုပ်တဲ့ပြဿနာ ကျိုန်ကြီးကျွန်းနားမှာ ဖြစ်ခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်က ဒီလိုဆိုရင် မင်းတို့ ဘာလို့ပြေးခဲ့တာလဲလို့ ကျွန်တောမေးတဲ့အခါကျတော့ ကြာပြီပေါ့။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာ ကတည်းက။ အဲဒီမှာလည်းပဲ

အခုလက်ရှိသုံးနေတဲ့ အောင်တံခွန်အုပ်စုဟာ နှစ်ပေါင်း ၂၀ လောက်ရှိပါပြီ။ ဒါပေမဲ့ အဲဒီ အောင်တံခွန်အုပ်စုမှာ မြစ်ကြောင်းရိုးရိုးသွားတဲ့ စစ်တွေ-မြောက်ဦး၊ စစ်တွေ-ဘူးသီးတောင် မြောက်ပိုင်းတွေကတော့ မြစ်ကြောင်းထဲကပဲ သွားတဲ့အတွက်ကြောင့် ဒီရေယာဉ်တွေက ပြဿနာမရှိသော်လည်းပဲ ဒီစစ်တွေ-မြေပုံ-ကျောက်ဖြူ-တောင်ကုတ်လမ်းကတော့ ဒီအခက်အခဲရှိနေတယ်ဆိုတာကို တွေ့ရပါတယ်။ အရင်ကတော့ ဒီအောင်တံခွန်မတိုင်ခင်က အလင်းရောင်တို့၊ အလောင်းဘုရားတို့ စသည်ဖြင့် အေးအယ်လ်အုပ်စုတွေ လုပ်ခဲ့ပါတယ်။ အဲဒီမှာ အခုတော့ ဒါဖြင့်ရင် ခင်ဗျားတို့ ရှိသလားလို့ ကျွန်တော်က အခုမေးပါတယ်။ မေးတဲ့အခါမှာ မြစ်ကြောင်းသွား သင်္ဘောတွေ သာရှိပြီးတော့ ကမ်းရိုးတန်းသွားသင်္ဘောစစ်စစ် မရှိဘူးဆိုတာကို တွေ့ရပါတယ်။ ဒီလိုဆိုရင် ဘယ်လို လုပ်ထားလဲလို့ မေးပါတယ်။ အဲခါမှာ အရင်ပို့ဆောင်ရေးဝန်ကြီးကလည်း ကြိုးစားဆောင်ရွက်ထားတယ်ဆိုတာကို တွေ့ပါတယ်။ ဒီအချိန်မှာ ကျွန်တော် တစ်ပြိုင်တည်း ပြောချင်တာက ရေကြောင်းပို့ဆောင်ရေး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဆိုတဲ့ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းကြီးဟာ အခုဆိုရင် သူကနိုင်ငံတော်ဘတ်ဂျက်ကနေ ထွက်လိုက်ပါတယ်။ နိုင်ငံတော်ဘတ်ဂျက်ကနေ ထွက်လိုက်တာ ၂၀၁၃-၂၀၁၄ ကစပြီးတော့ ထွက်လိုက်တာပါ။ ထွက်လိုက်ပြီးတော့ သူရရှိတဲ့ ရန်ပုံငွေနဲ့ပဲ ဒီဟာကို လည်ပတ်ရတယ်။ လည်ပတ်ရတဲ့အခါကျတော့ တစ်ပြည်လုံးမှာလည်း အရင်တုန်းက ပြည်တွင်းရေကြောင်းပိုင် သင်္ဘောတွေနဲ့ သင်္ဘောခရီးစဉ်ပေါင်း ၆၄ လိုင်း ရှိသော်လည်းပဲ အခုဟာကတော့ ၁၈ လိုင်းလောက်ပဲ ပြေးဆွဲနိုင်တဲ့အနေအထားရှိပါတယ်။ တစ်ပြည်လုံးမှာ လျော့ကျသွားတာဖြစ်ပါတယ်။ ကျွန်တော်တို့က ဒီပြည်တွင်းရေကြောင်းပို့ဆောင်ရေးကြီးကို ဘယ်ကဲ့သို့ ကော်ပရေးရှင်းအဖြစ်နဲ့ ဖွဲ့စည်းမှာလား၊ ဒါ ဒီပုဂ္ဂလိကပိုင်အဖြစ်နဲ့ပြောင်းလဲမှာလားဆိုတဲ့ ဒါစဉ်းစားနေတဲ့ အချိန်ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က အခုလောလောဆယ် ပြည်တွင်းရေကြောင်းမှာ ပိုက်ဆံရှိသလား။ မင်းတို့ ဘယ်လိုလုပ်ထားလဲဆိုတော့ အရင်ဝန်ကြီးက ဂျပန်နိုင်ငံကို အကူအညီတောင်းတယ်။ အဲဒီမှာ ဂျပန်နိုင်ငံက ဂျပန်သံရုံးကနေပြီးတော့ ယန်းသန်း ၂၀၀ ချေးတယ်။ သူက ဒီအထောက်အကူပြုတဲ့၊ ကယ်ဆယ်ရေးအထောက်အကူပြုတဲ့ ပစ္စည်းတွေ(GPS)တို့၊ အသက်ကယ်အင်္ကျီတို့ အဲဒါတွေကိုပဲပေးတော့ အဲဒါတွေကို ကျွန်တော်တို့မယူချင်ဘူး။ သင်္ဘောပဲဝယ်ပေးပါဆိုတော့ သင်္ဘောအတွက်ကလည်း သင်္ဘောက ဒေါ်လာသုံးသန်းနဲ့အထက်၊ ယန်းသန်းသုံးရာနဲ့အထက် ဈေးကြီးတဲ့အတွက်ကြောင့် ဝယ်ပြီးတော့ အဲဒါမျိုးတွေ ဝယ်ယူရရှိခြင်းမရှိဘူး။ ဒီလိုဆိုရင် အဲဒီ သန်း ၂၀၀ ထဲက ကျွန်တော်တို့ သင်္ဘော ကိုယ့်ဟာကိုဆောက်ပါမယ်။ ကျွန်တော်တို့ကို သံပြားတွေ၊ သံကိုင်းတွေ

ပေးပါဆိုပြီးတော့ အခုတောင်းထားတယ်။ အဲဒီကိစ္စဟာ ညှိနှိုင်းဆဲအခြေအနေပါ။ ဒီလိုဆိုရင် မင်းတို့ သံပြားနဲ့သံကိုင်းတွေရရင်ကော ခင်ဗျားတို့က ဆောက်တတ်သလားဆိုတော့ အဲဒီမှာ သူတို့ တင်ဒါခေါ်ပြီးသားလို့ တွေ့ရပါတယ်။ အဲမှာ တင်ဒါခေါ်တဲ့အခါမှာ ဒီဇိုင်းကို တင်ဒါခေါ်လိုက်တဲ့အခါမှာ Cutter Palar ကုမ္ပဏီကနေပြီးတော့ သိန်း ၇၀၀၀ ဒီဇိုင်းဖိုးတောင်းပါတယ်။ အဲခါကျတော့လည်း ဒီဇိုင်းဖိုးက သူတို့မှာ မတတ်နိုင်ပါ။ သူတို့က ရှုံးနေတဲ့အဖွဲ့အစည်းကြီးပဲ။ အဲဒီမှာ ဒါနဲ့ ပြည်တွင်းကုမ္ပဏီ၊ ပြည်တွင်းက အင်ဂျင်နီယာပညာရှင်အဖွဲ့ကို ဒီဇိုင်းဆွဲပေးဖို့ပြောပါတယ်။ အဲဒီမှာလည်း သိန်း ၁၀၀၀ ပတ်ဝန်းကျင်လောက် ကျမယ်လို့ သိရပါတယ်။ အဲဒါနဲ့ သူတို့ ဆွဲဖို့လုပ်နေကြပါတယ်။ ဒါဖြင့် ဒီဇိုင်းခတွေက ဘာကြောင့်ဒီလောက်စျေးကြီးရတာလဲဆိုတော့ သင်္ဘောဆောက်တာဟာ အခြားဒီဇိုင်းတွေနဲ့၊ အိမ်ဆောက်တဲ့ဒီဇိုင်းတွေနဲ့ မတူပါဘူး။ အဲဒီ ဒီဇိုင်းသမားသည် သင်္ဘောဆောက်နေတဲ့ကာလမှာ ဒီဂဟေချက်တွေကအစ အားလုံးကို ဂဟေချက် တစ်ချက်ချင်းစီက အစ စစ်ဆေးပြီးတော့ တကယ်တမ်း ဒီလို ထိခိုက်အန္တရာယ်တွေ၊ အသက်အန္တရာယ်တွေ မဆုံးရှုံးအောင်လို့ အသေးစိတ်စိစစ်ဖို့ရာအတွက် တည်ဆောက်ပြီးတဲ့အထိ ဒီဇိုင်းသမားဟာ တာဝန်ယူရလို့ စျေးကြီးတာပါလို့ သူကဆိုပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ လုပ်ထားတဲ့အခြေအနေကတော့ အဲဒီ ဒီဇိုင်းပြီးသွားရင် သံပြား၊ သံကိုင်းတွေနဲ့ အတူတူဆောက်ဖို့ရာအတွက် လက်ရှိဆောင်ရွက်နေတဲ့ ရေကြောင်းပို့ဆောင်ရေးရဲ့ အခြေအနေဖြစ်ပါတယ်။ အဲဒီတော့ လောလောဆယ် ရေကြောင်းပို့ဆောင်ရေးက အဲဒါပြီးရင်တော့ ပြေးဆွဲနိုင်မှာ ဖြစ်ပါတယ်။ ဒီဘက်ကလည်းပဲ ရေကြောင်းပို့ဆောင်ရေးရဲ့ ဘဏ္ဍာငွေအခြေအနေနဲ့ ဒီလိုဆောက်နေတဲ့ဟာကို ကြာမှာစိုးလို့ ကျွန်တော့်အနေနဲ့ကတော့ တခြား source ကနေပြီးတော့ ရန်ပုံငွေတွေရနိုင်မလား။ ဘာလို့လဲဆိုတော့ သူက ဘတ်ဂျက်ထဲက ထွက်သွားတဲ့အဖွဲ့အစည်းဖြစ်နေတော့ ဘယ်လိုပုံစံနဲ့ ပေးမှာလဲ။ ဒီနေရာမှာလည်းပဲ ရေကြောင်းပို့ဆောင်ရေးက အခုနတုန်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဘရှိန် တင်ပြတာလည်းပဲ မှန်ပါတယ်။ တကယ်တမ်း ရေကြောင်းပို့ဆောင်ရေးက ပြေးဆွဲစဉ်တုန်းက ခရီးသည်တစ်ယောက်ကို ကျပ် ၃၀၀၀ လောက်ပဲယူတာ။ အခုရှပ်ပြေးတွေက ၁၆၀၀၀ ကျပ် လောက်ယူတာ။ ကျပ် ၃၀၀၀ လောက်ကလည်း ရှုံးတယ်။ ရှုံးပေမယ့်လည်း ဒါဟာ တိုင်းရင်းသားပြည်သူလူထုအတွက်လုပ်ရမှာပဲဆိုတဲ့ စိတ်နဲ့ လုပ်ခဲ့တာ။ အဲတော့ ကျွန်တော်တို့ အခု ကျွန်တော်ပြောချင်တာကတော့ ကျွန်တော်ကြိုးစားမယ်။ အခြား source က ရန်ပုံငွေရရှိခဲ့ရင် ပြေးနိုင်အောင် ကြိုးစားမယ်ဆိုတဲ့ အဖြေပဲ ကျွန်တော်ပေးနိုင်ပါတယ်။ အခုနက ရေကြောင်းပို့ဆောင်ရေးဘက်ကလည်းပဲ သင်္ဘောကို ဒီဇိုင်းလည်း ထွက်လာပြီ။ သံပြား၊ သံကိုင်းတွေရလာပြီဆိုရင်

သူလည်း အမြန်ဆုံး တည်ဆောက်သွားမယ်ဆိုတဲ့အကြောင်း ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား ရှင်းလင်းတင်ပြလိုပါတယ်။ အခုနတုန်းကပြောတဲ့ တိုင်းရင်းသားပြည်သူလူထုအတွက်တော့ ဘယ်တိုင်းရင်းသားမဆို အားလုံးအတွက် ကြိုးစားဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းလေး အနည်းငယ် မေးချင်လို့ပါ။ မေးခွင့်ပြုပါ။ ဝန်ကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ကနေပြီးတော့ အရင်တုန်းကဆိုရင် သံတွဲမြို့အထိ ပြည်တွင်းရေကြောင်းသင်္ဘောတွေ သွားခဲ့ပါတယ်။ စစ်တွေနဲ့သံတွဲ ဆိုတဲ့ခရီးစဉ်က မြစ်ကြောင်းတွေကို ဖြတ်ပြီးသွားရတဲ့ ခရီးစဉ်တွေ ရှိပါတယ်။ ကမ်းရိုးတန်းဆိုတာက နည်းနည်းလေးပဲ ရှိပါတယ်။ အရင် သံတွဲဆိုလို့ရှိရင်တော့ သံတွဲမြို့၊ သံတွဲချောင်းအဝင်ဝလေးလောက် ရှိတယ်။ အခုဆိုလို့ရှိရင် ကျောက်ဖြူနဲ့မြေပုံကို ကူးတဲ့ နောင်တော်။ နောင်တော်ဆိုတာလည်း ပင်လယ် ဆိုပေမယ့် ဒီဟာကို လှေကလေးတွေ၊ မော်တော်လေးတွေ၊ စက်လှေလေးတွေ အမြဲတမ်း ကူးသန်းသွား လာနေကြတဲ့ ဒေသပါ။ အခု ဒီလို နောင်တော်မြစ်ကြီး ဒါမှမဟုတ် နောင်တော်ပင်လယ်ဖြတ်ပြီးတော့ သွားကြတဲ့ခရီးစဉ်ဟာ ပြီးခဲ့တဲ့နှစ်ပေါင်းရာနဲ့ချီပြီးတော့ ဒီလိုသင်္ဘောတွေနဲ့ပဲ သွားလာခဲ့ကြတာပါ။ အခု ကျွန်တော်တို့ ဒီမှာ အခက်အခဲက ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် မတ်လ အောင်တံခွန်(၃)ရေယာဉ်နစ်မြုပ်ပြီး တဲ့အခါမှ ဒီသင်္ဘောတွေဟာ သင်္ဘောလမ်းကြောင်းနဲ့ မကိုက်ညီဘူးဆိုပြီးတော့ ရွေးလိုက်တဲ့၊ ပြောလိုက်တဲ့စကားဟာ ဝတ်ကျေတမ်းကျေပြောတဲ့ စကားတွေမျိုးဖြစ်နေပြီးတော့ ဒေသခံတွေရဲ့ တကယ့် လိုအပ်ချက်ကို နှစ်ပေါင်းရာနှင့်ချီပြီးတော့ သယ်ပိုးလာတဲ့ ဒီအောင်တံခွန်(၃)တို့လို၊ အလင်းရောင်တို့လို၊ အလောင်းဘုရားတို့လို၊ အောင်ခေမာတို့လို သင်္ဘောတွေအခုရှိပါသေးတယ်။ ဒီသင်္ဘောတွေကို Sea Wealthy ဖြစ်အောင်၊ အပေါက်အပြဲမရှိအောင် ကျွန်တော်တို့က ဘယ်လောက် ထိဆိုးလဲဆိုလို့ရှိရင် မာန်အောင်ကိုကူးတဲ့ မာန်အောင်မြစ်၊ မာန်အောင်မြစ်ဆိုတာလည်း ပင်လယ်ပဲ။ ဘိလပ်မြေအိတ်တွေကို သင်္ဘောပေါ် တင်ပြီးတော့ ရေဝင်ရင်ဖာထေးပြီးတော့ ကူးရတယ်။ အဲဒီလို ဘဝမျိုးနဲ့ ကျွန်တော်တို့ သွားခဲ့ကြတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း အဲဒီသင်္ဘောပေါ်မှာ စီးခဲ့ရ ပါတယ်။ အဲဒီလိုအခြေအနေတွေ အရင်တုန်းက ရှိခဲ့ပါတယ်။ ဒီလိုရှိတုန်းကလည်း ကျွန်တော်တို့ ရခိုင် ဒေသကို ရောက်လာတဲ့ ရခိုင်ရော၊ ရခိုင်မဟုတ်တဲ့သူတွေရော၊ ဌာနဆိုင်ရာရော၊ ဌာနဆိုင်ရာ မဟုတ်တဲ့ သူတွေရောသွားလို့ အဆင်ပြေကြပါတယ်။ ပိုပြီးတော့ ဂရုစိုက်မယ်ဆိုလို့ရှိရင် သင်္ဘောကို ကိုင်တွယ်တဲ့ သင်္ဘောဦးစီး၊

**မူကြမ်း**

ရေယာဉ်ဦးစီး၊ ဆိပ်ကမ်းအရာရှိတွေက ဒီမြစ်တွေ၊ အန္တရာယ်ရှိနိုင်တဲ့ ဒေသတွေကို အချိန်ကာလကြည့်ပြီးတော့ ကူးရတာ။ မာန်အောင်မြစ်ဆိုလို့ရှိရင် ကျွန်တော်တို့ ရာသီဥတု မကောင်းရင် ကျောက်နီမော်မှာပဲ တစ်ခါတစ်လေ ညအိပ်ပြီးတော့ စောင့်လိုက်တာပဲ။ အဲလိုပဲ နောင်တော် အခြေအနေမကောင်းဘူးဆိုရင် ကျောက်ဖြူမြို့မှာ စောင့်ပြီးတော့ ညအိပ်လိုက်တာပဲ။ ရပါတယ်။ အဲဒီလို အခြေအနေမျိုးကို မဖန်တီးဘဲနဲ့ လက်ရှိအသုံးပြုနေတဲ့ သင်္ဘောတွေဟာ မြစ်ကြောင်းသွားသင်္ဘောတွေဆိုပြီးတော့ ကျွန်တော်တို့ကို အဲဒီလို လုပ်ထားလိုက်တဲ့ အတွက်ကြောင့် အခုဒေသခံတွေများစွာ အခက်အခဲရှိနေပါတယ်။ အခုရှိနေတဲ့ ဒီအရင် ကမ်းရိုးတန်းရော၊ မြစ်ကြောင်း ရောသွားလို့ရတဲ့သင်္ဘောတွေ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ဆိပ်ကမ်းမှာရှိပါတယ်။ ဒီဆိပ်ကမ်းမှာရှိတဲ့ သင်္ဘောတွေကိုအသုံးပြုပြီးတော့ ကျွန်တော်တို့ဒေသမှာ ပို့ဆောင်ရေးလုပ်ငန်းတွေလုပ်ပေးရင် မရနိုင် ဘူးလားဆိုတဲ့ မေးခွန်းတစ်ခုရယ်။ နောက်တစ်ခုကတော့ ဝန်ကြီးကသင်္ဘောအသစ်လုပ်မယ်လို့ပြောတဲ့ အတွက်ကြောင့် ကောင်းပါတယ်။ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဘယ်အချိန်လောက်မှာ ဒီသင်္ဘော အကောင်းစီးရမယ်ဆိုတာတော့ ပြည်သူတွေက သိချင်နေကြမှာဖြစ်တဲ့အတွက်ကြောင့် ဒီဟာကိုလည်း ရက်နဲ့လလောက်ပဲ အကွာ အချိန်ကာလပေးပြီးတော့ဖြေကြားရင် ကျွန်တော်တို့ ပြည်သူတွေလည်း အားရဝမ်းသာရှိကြမယ်လို့ ယုံကြည်တဲ့အတွက်ကြောင့် ဒီဆက်စပ်မေးခွန်းကို မေးမြန်းရတာ ဖြစ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ ခုနတုန်းက ဒီဝတ်ကျေတန်းကျေဖြေတယ်ဆိုတဲ့ဟာလေးတော့ အများကြီး စိတ်မကောင်းပါဘူး။ ကျွန်တော့်အနေနဲ့ကတော့ ဘယ်တုန်းကမှ အဲဒီလို ဘယ်ဟာမှ ဝတ်ကျေတန်းကျေ မလုပ်ခဲ့ပါဘူး။ အဲ့ဒီတော့ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ အဓိကက ကျွန်တော်တို့အစိုးရဌာနတွေရဲ့ အခြေအနေကို နားလည်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ဘာလို့လဲဆိုတော့ အစိုးရဌာနတွေက ခုနတုန်းကပြောသလို ကြိုးစားခဲ့တယ်။ အလင်းရောင်တို့၊ အလောင်းဘုရားတို့၊ အောင်တံခွန်တို့ကစပြီး တောက်လျှောက်ပြေးဆွဲခဲ့တာ ဖြစ်ပါတယ်။ အဲဒီပြေးဆွဲတဲ့အခါမှာ နှစ်ပေါင်းများစွာကြာပါပြီ။ ဒါပေမယ့် အဲဒီတုန်းက တစ်ခါမှမဖြစ်ခဲ့ရင် ဘာမှမဖြစ်ဘူး။ ဒီ ခုန လူ ၁၆၀ ကျော်သေလိုက်တာနဲ့ ဒီပြဿနာဟာ ပေါ်ပေါက်တာပါပဲ။ အဲဒီတော့ ခုနပြောတဲ့ ဝန်ထမ်းတွေအပိုင်းဆိုရင်လည်းပဲ အဲဒီနေ့က ဒီ Inquiry Report မှာ ဖတ်ကြည့်လိုက်တော့ အဲဒီအောင်တံခွန်သင်္ဘောက အဲဒီရေယာဉ်မှူးဟာ သူထွက်မပြေးဘူး။ အဲဒီမှာလည်းလုပ်ရော တံခါးကိုပိတ်လိုက်ပြီးတော့ သေသွားတယ်။ အသေခံ

မူကြမ်း

လိုက်တယ်။ အဲဒါမျိုးကျွန်တော် တွေ့ရှိပါတယ်။ အဲဒီတော့ ကျွန်တော်ဆိုလိုတာက ဝန်ထမ်းများသည် တာဝန်ယူရပါတယ်။ တာဝန်ယူတဲ့အခါမှာ အင်မတန်ကောင်းတဲ့ ယုံကြည်စိတ်ချရတဲ့ ပိုင်နိုင်တဲ့ဟာနဲ့ပဲ လုပ်ပါတယ်။ အဲ့ဒီအခါမှာ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်၊ သုံးဆယ်က ပြေးဆွဲခဲ့ပေမယ့် ဘာမှမဖြစ်ရင်တော့ ဘာမှမဖြစ်ဘူး။ တစ်ခုခုဖြစ်သွားတဲ့အခါမှာ တာဝန်ရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ဟာ ယုံကြည်စိတ်ချရတဲ့ သင်္ဘောဖြစ်အောင် ကြိုးစားနေတာဖြစ်ပါတယ်။ လောလောဆယ်တော့ သည်းခံပေးကြဖို့ပဲ ကျွန်တော်က မေတ္တာရပ်ခံရမှာဖြစ်ပါတယ်။ ခုနတုန်းက သင်္ဘောအသစ်ကို ဘယ်တော့ပြီးမလဲဆိုတဲ့ဟာကတော့ ဒီဇိုင်းကလည်း မထွက်သေးဘူး။ နောက်တစ်ခါ ကျွန်တော်ကြိုးစားမယ်ဆိုတဲ့ဟာပဲပြောရမှာ။ ဒီဇိုင်းကလည်း မထွက်သေးဘူး။ ပိုက်ဆံကလည်း တကယ်မရသေးဘူး။ သံပြားကလည်းမထွက်သေးဘူး။ ဒါကြောင့် ကျွန်တော်က ဘယ်ကာလလဲဆိုတဲ့ဟာ သင်္ဘောတည်ဆောက်တာ ဒီလောက်ဒီကမ်းရိုးတန်းသင်္ဘောတစ်ခု ဒေါ်လာ ၃ သန်းခွဲ လောက်တန်တဲ့ နီးပါးလောက်ရှိတဲ့ သင်္ဘောကိုတည်ဆောက်တဲ့နေရာမှာ ခုနပြောတဲ့ ဘယ်လောက်လောက်ကြာမယ်ဆိုတာ မသိတော့ ဒီဟာကိုတော့ ကျွန်တော်ဝန်ခံပါတယ်။ သို့သော် ကျွန်တော် အမြန်ဆုံးပြီးအောင်လုပ်မယ်လို့ပဲ ကျွန်တော်ဖြေကြားနိုင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ဥပဒေကြမ်းကော်မတီက နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ဥပဒေကြမ်းကော်မတီက နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းတင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ဥပဒေကြမ်း ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့

ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ ဒီကနေ့ ၂၅-၂၀၁၆ ရက်နေ့မှာ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ် စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ တာဝန်ပေးချက်အရ လွှတ်တော်သို့ တင်သွင်းမှာဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီဥပဒေဟာဆိုလို့ရှိရင် ၁၉၇၅ ခုနှစ် တစ်ပါတီစနစ်ကျင့်သုံးစဉ်ကပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေဟာ အဲဒီတုန်းက နိုင်ငံတော်၏ အချုပ်အချာအာဏာနဲ့ နိုင်ငံတော်၏ လုံခြုံရေးကိုပါ ထိပါးနှောင့်ယှက်သူများ၏ ဘေးအန္တရာယ်မှ ကာကွယ်ရန်လိုအပ်ပါက နိုင်ငံတော်၏ဒေသတစ်ခုခုတွင်ဖြစ်စေ၊ ဒေသအချို့တွင် ဖြစ်စေ၊ နိုင်ငံတစ်ဝန်းလုံးတွင်ဖြစ်စေ အရေးပေါ်အခြေအနေကြေညာပြီး ထိုဒေသများတွင် နေထိုင်သော နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ကိုလည်း လိုအပ်သလို ကန့်သတ်ကြေညာနိုင်ရန် ပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်ပါတယ်။ ထိုကဲ့သို့ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကန့်သတ်ခြင်းသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးသည့် ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်နေသောကြောင့် ရုပ်သိမ်းရခြင်းဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီဥပဒေကိုပြဋ္ဌာန်းခဲ့တုန်းကနဲ့ ယခုအချိန်အခါ အခြေအနေတို့မှာ မတူညီတော့တဲ့အပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကိုလည်း အခန်း(၈)တွင်လည်းကောင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များကို အခန်း(၁၁)တွင်လည်းကောင်း ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါ တယ်။ အဲဒီဥပဒေမှာ အရေးပေါ်အခြေအနေသက်ရောက်သည့်နယ်မြေဒေသနှင့် အချိန်ကာလကို ဖော်ပြခြင်း၊ ယင်းဒေသတွင်နေထိုင်သော နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ရပ်ကို လိုအပ် သလိုကန့်သတ်ခြင်း၊ ရပ်ဆိုင်းခြင်းတို့ပါဝင်ပြီး ယင်းအမိန့်ကို ဖောက်ဖျက်ပါက ရာဇသတ်ကြီးပါ သက်ဆိုင်ရာ ပုဒ်မတစ်ခုခုနှင့် အရေးယူနိုင်သောကြောင့် ဤဥပဒေကိုရုပ်သိမ်းခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်

သည့်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းကို လွှတ်တော်သို့လက်ခံဆွေးနွေးသင့်ပါကြောင်း အဆိုကို တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါ တယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်သည် ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ နောင်ချိုမဲဆန္ဒနယ်က ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းသော နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအပေါ် ဥပဒေကြမ်း ကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက်များအား အစီရင်ခံစာဖတ်ကြားတင်သွင်းသွားမည်ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ ဥပဒေကြမ်း) ၁/၂၀၁၆-၈၇
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၇-၄-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၆/၁၂/၁၀(၁၂၆)/ ပထစ - ၂၀၁၆

၁။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းသော နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အောက်ဖော်ပြပါအချက်များအပေါ် အခြေခံ၍ ရုပ်သိမ်းရန် တင်သွင်းခြင်းဖြစ်ပါသည်-

**မူကြမ်း**

(က) ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေသည် နိုင်ငံတော်၏ ဒေသတစ်ခုခုတွင်ဖြစ်စေ၊ ဒေသအချို့တွင်ဖြစ်စေ၊ နိုင်ငံတော် တစ်ဝန်းလုံးတွင်ဖြစ်စေ အရေးပေါ်အခြေအနေ ကြေညာပြီး ထိုဒေသများတွင် နေထိုင်သော နိုင်ငံသားများ၏ မူလအခွင့်အရေး တစ်ရပ်ရပ်ကိုလည်းကောင်း၊ အများကိုလည်းကောင်း လိုအပ်သလို ကန့်သတ်နိုင်ရန် ပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်ခြင်း၊

(ခ) ယင်းဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကန့်သတ်ခြင်းသည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက် ပေးရမည့် ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေခြင်း၊

(ဂ) ယင်းဥပဒေသည် တစ်ပါတီစနစ်ကို ကျင့်သုံးစဉ်က ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်ပြီး၊ ယနေ့ ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းကြောင့် လက်ရှိ အခြေအနေနှင့် ကိုက်ညီမှုမရှိတော့ခြင်း၊

(ဃ) ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အရေးပေါ်အခြေအနေ သက်ရောက်သည့် နယ်မြေဒေသနှင့် အချိန်ကာလဖော်ပြပြီး၊ ယင်းဒေသတွင် နေထိုင်သော နိုင်ငံသား များ၏ မူလအခွင့်အရေးများကို လိုအပ်သလိုကန့်သတ်ခြင်း၊ ရပ်ဆိုင်းခြင်းတို့ကို ဆောင်ရွက်နိုင်ပြီး၊ ယင်းအမိန့်ကို ဖောက်ဖျက်ပါက ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက် များနှင့် အရေးယူနိုင်ခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၇-၄-၂၀၁၆ ရက်နေ့နှင့် ၂၈-၄-၂၀၁၆ ရက်နေ့တို့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် ပြည်ထဲရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေသည် -

**မူကြမ်း**

(က) နိုင်ငံတော်၏ အခြေခံမူများပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိခြင်း၊

( ခ) နိုင်ငံသားများ၏ အခွင့်အရေးတစ်စုံတစ်ရာ သို့မဟုတ် အများကို ကန့်သတ်သည့် ဥပဒေဖြစ်သဖြင့် နိုင်ငံသားများ၏ အကျိုးစီးပွားနှင့် ဆန့်ကျင်နေခြင်း၊

( ဂ) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တစ်ပါတီခေတ်တွင် ပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်သဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေမှု မရှိခြင်း၊

(ဃ) နိုင်ငံတော် ဘေးအန္တရာယ်ကျချိန်တွင် ဆောင်ရွက်ရန် ပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်သော်လည်း ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အရေးပေါ်ကာလ ပြဋ္ဌာန်းချက်တွင် ဆောင်ရွက်ရန် လုပ်ငန်းစဉ်များ ပြဋ္ဌာန်းပြီးဖြစ်သောကြောင့် ယင်းဥပဒေကို ဆက်လက်ကျင့်သုံးရန် မလိုအပ်တော့ခြင်း၊

( င) ဥပဒေ၏ အနှစ်သာရဖြစ်သည့် သက်ဆိုင်ရာတရားရုံးက ပြစ်မှုကျူးလွန်ကြောင်း မဆုံးဖြတ်သေးသ၍ အပြစ်မဲ့သူဟု မှတ်ယူရမည့်မူနှင့် ဆန့်ကျင်လျက်ရှိခြင်း၊

( စ) စွပ်စွဲချက် သက်သက်ဖြင့် မကျူးလွန်ရသေးသောပြစ်မှုအတွက် ကြိုတင်အပြစ်ပေးရာရောက်နိုင်ခြင်းသည် ဥပဒေအရာတွင် မလိုလားအပ်သော အရာဖြစ်ခြင်းတို့ကို တွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ထွန်းထွန်းဟိန်၊ ဥက္ကဋ္ဌ ဥပဒေကြမ်းကော်မတီ။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၅-၅-၂၀၁၆ ရက်နေ့(ကြာသပတေးနေ့) နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံးခေတ္တညွှန်ကြားရေးမှူးချုပ်ထံသို့ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များအား အသိပေးချင်တာရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မေးခွန်းနှင့်အဖြေများကို တိုတိုနှင့်လိုရင်း ထိထိမိမိ မေးမြန်းခြင်း၊ ဖြေကြားခြင်းဖြစ်စေလိုပါတယ်။ ကော်မတီများအနေနဲ့လည်း ဥပဒေကြမ်းတင်သွင်းမယ်ဆိုရင် တင်သွင်းမည့်ပုဂ္ဂိုလ်၊ ရှင်းလင်းမည့်ကိုယ်စားလှယ် စသည်တို့ကို ကြိုတင်ညှိနှိုင်းစီစဉ်ထားစေလိုပါတယ်။ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်နေကြတဲ့ ကိုယ်စားလှယ်များအားလုံးဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြတဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဟု ခေါ်ဝေါ်သုံးစွဲမှုက ပိုမိုသင့်လျော်မည်ဖြစ်ကြောင်းနဲ့ ပိုမိုပြည့်စုံမှုရှိမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးခြင်းဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး(၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၂၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၃ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

မှုကြမ်း

**အချိန်၊ ၁၁:၀၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၁၁:၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]